**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့**

**၁၉၆၄ ခုနှစ်၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။**

**[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈။]**

**၁၃၂၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်။**

**(၁၉၆၄ ခုနှစ်၊ မေလ ၂၆ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကိုရုပ်သိမ်း သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ ရုပ်သိမ်းသည့်အခါ-

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရ မည်။

(ခ) အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီနှင့် ဒေသန္တရကောင်စီများပိုင် ပစ္စည်းအားလုံးသည်၊ အစိုးရပိုင်ပစ္စည်းများ ဖြစ်ရမည့်ပြင်၊ ထိုကောင်စီများ၏ ကြွေးမြီတာဝန်အားလုံးကိုလည်း၊ အစိုးရက ဆက်ခံရမည်။

၃။ ။ ဤဥပဒေစတင်အာဏာတည်သည့်အချိန်မှစ၍၊ အစိုးရသည်၊ အဆိုပါ အမျိုးသားကိုယ်လက်ကြံ့ခိုင် ရေးကောင်စီ အက်ဥပဒေအရ ဖွဲ့စည်းခဲ့သည့် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ၏ အာဏာနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်။

(၁၉၆၄ ခုနှစ်၊ မေလ ၂၆ ရက်။)

အမိန့်အရ၊

ဒု-ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)